ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

## လွှတ်တော်အမတ်များက မြန်မာအာဏာပိုင်များကို ဆော်ဩ၊ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုကိုကာကွယ်ရန်အာဆီယံအနေဖြင့် ဆောင်ရွက်သင့်

ဂျကာတာ။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့။ မြန်မာနိုင်ငံရခိုင်ပြည်နယ်တွင်းရှိ ပြည်သူလူထုကိုကာကွယ်ရန်နှင့် ထိုဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အန္တရာယ် ကပ်ဆိုးအားဖယ်ရှားရန် အာဆီယံနှင့်ဒေသတွင်းအစိုးရများအနေဖြင့် ချက်ချင်းဆောင်ရွက်ရေးအတွက် အရှေ့တောင်အာရှမှ လွှတ်တော်အမတ်များက တောင်းဆိုလိုက်ပါသည်။

" အခုအချိန်မှာလုပ်မှဖြစ်မှာပါ။ မလုပ်ခဲ့ရင်တော့ ကမ္ဘောဒီးယားနိုင်ငံမှာ ဖြစ်ခဲ့သလိုပဲထပ်မံကြုံတွေ့ရမှာ ဖြစ်ပါတယ် " ဟု လူ့အခွင့်အရေးဆိုင်ရာအာဆီယံလွှတ်တော်အမတ်များအဖွဲ့ (APHR ) ၏ဥက္ကဌ၊ မလေးရှားလွှတ်တော်အမတ် Charles Santiago က ၁၉၇၀ ခုနှစ်များအတွင်းက ကမ္ဘောဒီးယားနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကို ရည်ညွှန်းလျက် ပြောကြားခဲ့ပါသည်။ "အခုအချိန်ဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနဲ့ ကြားဝင်မစွက်ဖက်ရေးမူကို ဘေးဖယ်ထားပြီး မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပွားနေတဲ့ သတ်ဖြတ်မှုတွေကို ရပ်တန့်ရမည့်အချိန်ဖြစ်ပါတယ်။"

မြန်မာနိုင်ငံအတွင်း လုံခြုံရေးအဖွဲ့များနှင့် ရိုဟင်ဂျာသူပုန်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး ရက်အနည်းငယ်အကြာတွင် လွှတ်တော်အမတ်များက မြန်မာကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်အား တပ်ဖွဲ့များကို ၄င်း၏ထိန်းချုပ်ကွပ်ကဲမှုအောက်တွင် သေချာထားရှိရန်ကွပ်ကဲနိုင်စေရန်နှင့် အပြစ်မဲ့ပြည်သူလူထုများသေဆုံးမှုကို ရှောင်ကျဉ်ရန် တောင်းဆိုခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအောက်တွင် လှုံ့ဆော်အားပေးပြသာနာဖြစ်ဖွယ်ရာအသုံးအနှုန်းများကို ရှောင်ရှားရန်၊ တင်းမာမှုများကို လျော့ချရေးအတွက် လုပ်ငန်းစဉ်များဆောင်ရွက်ရန်၊ ဒေသတွင်းတိုးတက်မှုနှင့်ငြိမ်းချမ်းရေးကို ကာလရှည်ဖော်ဆောင်နိုင်ရေးအတွက်မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေးကိုလည်း တိုက်တွန်းလိုက်ပါသည်။

"အပြစ်မဲ့ပြည်သူလူထုများကို ကာကွယ်ရေးက အဓိကဦးစားပေးပါ။ တိုင်းရင်းသားဖြစ်မှုတွေ၊ နိုင်ငံသားဖြစ်မှုအခြေအနေတွေကို ထည့်မတွက်ဘဲနဲ့ အကြမ်းဖက်မှုမှာ ဒုက္ခရောက်ပိတ်မိနေတဲ့ လူတစ်ဦးတိုင်းကို ကာကွယ်ဖို့ တာဝန်ရှိအဖွဲ့အစည်းအားလုံးက အလျင်အမြန်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။" ဟု လူ့အခွင့်အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့၏ ဘုတ်အဖွဲ့ဝင်၊

အင်ဒိုနီးရှားလွှတ်တော်အမတ် Eva Kusuma Sundari ကပြောကြားခဲ့ပါသည်။ ဒါဟာနိုင်ငံရေး မဟုတ်ပါဘူး။ "နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာဥပဒေအရ လိုက်နာဆောင်ရွက် ရမည့်၊ လူသားတွေရဲ့ဘဝကို ကာကွယ်စောင့်ရှောက်ရမည့် အခြေခံအကျဆုံးသော တာဝန်ဝတ္တရား တစ်ရပ်ပါပဲ။"

ဩဂုတ်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့စခန်းများကို ရိုဟင်ဂျာစစ်သွေးကြွ များက စစည်းတိုက်ခိုက်ခဲ့မှုကြောင့် မြန်မာရဲတပ်ဖွဲ့ဝင် ၁၂ ဦးအပါအဝင်လူပေါင်းများစွာ သေဆုံး ခဲ့ပြီးနောက် ယခုပဋိပက္ခများဆက်လက်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မြန်မာစစ်တပ်က ရှင်းလင်းရေး လုပ်ငန်းစဉ် ဖြင့်တုန့်ပြန်ဆောင်ရွက်ခဲ့ရာ ဒေသခံထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး နေအိမ် များနှင့်အဆောက်အဦများစွာလည်း မီးလောင်နေသည်ဆိုသောသတင်းအစီရင်ခံချက်များလည်း ပေါ်ထွက်လာခဲ့ပါသည်။

လွှတ်တော်အမတ်များအနေဖြင့် အကြမ်းဖက်မှုကြောင့် ဒုက္ခရောက်ပိတ်မိနေတဲ့ အပြစ်မဲ့ပြည်သူလူထု များအတွက် စိုးရိမ်ပူပန်မိကြောင်းနှင့် မြန်မာအစိုးရနှင့် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဒေသခံနိုင်ငံသားများအားလုံးကို ကာကွယ်ဖို့ လိုအပ်ကြောင်းပြောကြားခဲ့သည်။ အထူးသဖြင့် ဘင်ဂလားဒေ့ရှ်နိုင်ငံအစိုးရအနေဖြင့် နယ်စပ်ကိုကျော်ဖြတ်ပြီး ထွက်ပြေးရန်ကြိုးစားလျက်ရှိသည့် ရိုဟင်ဂျာများကို လက်မခံပဲ ပြန်လည်နှင်လွှတ်နေခြင်းအပေါ်လည်း အထူးစိုးရိမ်ပူပန်နေပါသည်။

"ဘင်ဂလားဒေ့ရှ်နိုင်ငံအစိုးရအနေဖြင့် ရိုဟင်ဂျာများကိုခိုလှုံခွင့်ပေးသင့်ပြီး အရပ်သားတွေကို ပိုမိုထိခိုက် ဒုက္ခရောက်စေတဲ့ပြန်လည်နှင်လွှတ်နေခြင်းကို ရပ်တန့်သင့်ပါတယ်။ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ ဒုက္ခသည်တွေကို လက်ခံထောက်ပံ့ရာမှာကုန်ကျစရိတ်အပေါ် စိုးရိမ်ပူပန်မှုတွေကို လျော့ချပေးနိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒီအချက်ဟာ ဘင်ဂလားဒေ့ရှ်နိုင်ငံအစိုးရအနေဖြင့် ဒုက္ခသည်တွေကို လက်မခံပဲ ပြန်လည်နှင်လွှတ်နေရတဲ့ အကြောင်းအချက်တစ်ခုလည်းဖြစ်ပါတယ်" ဟု လူ့အခွင့်အရေးဆိုင်ရာ အာဆီယံလွှတ်တော်အမတ်များအဖွဲ့၏ ဘုတ်အဖွဲ့ဝင်၊ ဖိလစ်ပိုင် လွှတ်တော်အမတ် Teddy Baguilat က ပြောကြားခဲ့ပါသည်။

"အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဒုက္ခသည်တွေကို သက်ဆိုင်ရာနိုင်ငံအသီးသီးမှာ ပိုပြီး လက်ခံဖို့၊ ဒုက္ခသည်တွေကိုကောင်းမွန်စွာကာကွယ်ပေးဖို့နဲ့ နေထိုင်နေရာချထားရေးတွေကို ပိုမိုပြီးလုပ်ဆောင် ရမှာပါ။ ဒါဟာဒေသတွင်းပြဿနာတစ်ရပ်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မဆောင်ရွက်ဘူး ဆိုရင် ဒေသတွင်းမငြိမ်သက်မှုကို ဖြစ်စေမှာပါ။"

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တားမြစ်ကန့်သတ်ချက်များရှိနေသည်ကို သိရှိနားလည်သော်လည်း တင်းမာမှုများကိုလျော့ချရန်နှင့် ပဋိပက္ခများအရှိန်မြင့်တက်မှုမရှိစေရေးဆောင်ရွက်ရန် လှုံ့ဆော်

အားပေးပြသာနာဖြစ်ဖွယ်ရာအသုံးအနှုန်းများကို ရှောင်ချရေးကိုလည်း လွှတ်တော်အမတ်များ အနေဖြင့်တောင်းဆိုခဲ့ပါသည်။

"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ စစ်တပ်ကိုထိန်းချုပ်နိုင်စွမ်းမရှိ လောက်ပေမယ့်လည်း လူထုကိုချပြတဲ့မတ်ဆေ့ဂျ်နဲ့သတင်းအချက်အလက်တွေကိုတော့ ထိန်းချုပ် နိုင်စွမ်းရှိပါတယ်။ နိုင်ငံ့အရာရှိများအနေနဲ့လည်း တင်းမာမှုတွေကို တိုးမြှင့်စေတဲ့အနေအထားနဲ့ သတင်းအချက်အလက်တွေ မျှဝေနေခြင်းမှလည်း ရှောင်ရှားသင့်ပါတယ်။ ကူညီထောက်ပံ့ရေး ဝန်ထမ်းများရဲ့ဂုဏ်သိက္ခာကို ထိပါးစေတဲ့စကားလုံးတွေနဲ့ စိတ်လှုပ်ရှားထိခိုက်စေတဲ့ အသုံးအနှုန်းများ ကိုသုံးစွဲနေခြင်းက အလွန်အန္တရာယ်များတဲ့ ကစားပွဲတစ်ခုဖြစ်ပြီး ရပ်တန့်ရပါမယ်။ အဲ့ဒီလိုဆောင်ရွက် နေတာကို ထိန်းချုပ်ရပ်တန့်ဖို့မလုပ်ဆောင်ဘူးဆိုရင် အပြစ်မဲ့ပြည်သူလူထုတွေကို အသက်ကယ် အထောက်အပံ့တွေပေးဆောင်မှုတွေခက်ခဲမှာဖြစ်ပြီး ပဋိပက္ခရဲ့နောက်ဆက်တွဲအကျိုးရလဒ်တွေ ဟာလည်း ပိုမိုဆိုးရွားလာမှာဖြစ်ပါတယ်" ဟု Baguilat ကပြောကြားခဲ့ပါသည်။

ဩဂုတ်လ ၂၇ ရက်နေ့တွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးသည် ၄င်း၏ဖေ့စဘွတ်စာမျက်နှာထက် တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နိုင်ငံတကာကူညီထောက်ပံ့ပေးရေးအဖွဲ့အစည်းများနှင့် အစွန်းရောက်အကြမ်းဖက်သောင်းကျန်းသူများအကြားတွင် ချိတ်ဆက်ဆောင်ရွက်မှုများရှိနေသည်ဟု အဓိပါယ်ဖော်ဆောင်သည့် ဓာတ်ပုံများနှင့်သတင်းအချက်အလက်များကို ဖော်ပြခဲ့သည်။ ကုလသမဂ္ဂ သည် ၄င်း၏အလွန်အရေးမကြီးသည့်ဝန်ထမ်းများကို ဒေသတွင်းမှပြန်လည်ရုတ်သိမ်းမည် ဖြစ်ကြောင်း ကြေညာခဲ့ပြီး ယင်းကြောင့် လူထောင်ပေါင်းများစွာကို အကူအညီထောက်ပံ့ပေးမှုများ ရပ်ဆိုင်း သွားခဲ့သည်။

APHR အဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အထူးကော်မရှင်၏အကြံပြုချက်များကို အကောင်အထည် ဖော်နိုင်ရေးအတွက် လုပ်ငန်းများကို အချိန်မဆိုင်းဘဲဆောင်ရွက်ရန် မြန်မာအစိုးရကို ထပ်မံတိုက်တွန်း နိုးဆော်ပါသည်။ အဆိုပါကော်မရှင်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ဦးဆောင်ပြီး အဆိုပါအကြံပြုချက်များကို ဩဂုတ်လ ၂၄ ရက်နေ့တွင် အစိုးရထံတင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

"အကြမ်းဖက်မှုလုပ်ဆောင်ခြင်းဟာ ရခိုင်ပြည်နယ်အတွင်းမှာ ပြည်သူလူထုရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဖြေရှင်းတဲ့ ရေရှည်နည်းလမ်းမဟုတ်ဘူးဆိုတာ မြန်မာအစိုးရက အသိအမှတ် ပြုသင့်ပါတယ်။ ရခိုင်ကော်မရှင်၏ အဆိုပါအကြံပြုချက်များကို မဆိုင်းမတွ အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် တင်းမာမှုများကို လျှော့ချရေး၊ လူမျိုးဘာသာအုပ်စုများ အချင်းချင်း တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ရေး၊ လူ့အခွင့်အရေးများကို တိုးမြှင့်ဖော်ဆောင်ရေးနှင့် တာဝန်ယူမှု တာဝန်ခံမှုရှိစေရေးတို့ကိုလုပ်ဆောင်ရမှာဖြစ်ပါတယ်။" ဟုလူ့အခွင့်အရေးဆိုင်ရာအာဆီယံလွှတ်တော်

အမတ်များအဖွဲ့၏ ဘုတ်အဖွဲ့ဝင်၊ ကမ္ဘောဒီးယားလွှတ်တော်အမတ် Mu Sochua က ပြောကြားခဲ့ပါသည်။

"ရခိုင်ပြည်နယ်အတွင်းမှ ရေရှည်အခက်အခဲတွေကို ဖြေရှင်းတဲ့ဒေသတွင်းနည်းလမ်းတွေကို လိုအပ်နေတယ်ဆိုတာကို ဒီအစီရင်ခံစာမှာပါတဲ့အချက်တွေက ဖော်ပြနေပါတယ်။ အာဆီယံအနေနဲ့ မိမိတို့ရဲ့ဆန္ဒအသံများကိုဖော်ထုတ်ပြီး ပဋိပက္ခများကို ဖြေရှင်းတဲ့နည်းလမ်းများကို တွန်းအားပေးဖို့ လိုအပ်ပါတယ်။ ဒီကိစ္စကို အမြန်ဆုံးဆောင်ရွက်ရမှာဖြစ်ပြီး မဆောင်ရွက်ပါက လူသားတွေ သေဆုံးပျက်စီးမှုတွေ ဆက်ပြီး ဖြစ်ပွားနေမှာဖြစ်ပါတယ်။"